# အရှေ့ငယ်တိုးကျေးရွာ

## အရှေ့ငယ်တိုးကျေးရွာအုပ်စု

## ကျောက်ဆည်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၈ - ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အရှေ့ငယ်တိုးကျေးရွာ၊ ကျောက်ဆည်မြို့နယ်

# (စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

# ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ

## မာတိကာ


မာတိကာ ၂

၁. ကျောက်ဆည်မြို့နယ်၊ အရှေ့ငယ်တိုးအုပ်စု၊အရှေ့ငယ်တိုးကျေးရွာ၏ သယံဇာတပြမြေပုံ ၃

၂. ကျောက်ဆည်မြို့နယ်၊အရှေ့ငယ်တိုးအုပ်စု၊အရှေ့ငယ်တိုးကျေးရွာ၏ **ရာသီခွင်ပြ ပြက္ခဒိန်** ၄

၃. ကျောက်ဆည်မြို့နယ်၊အရှေ့ငယ်တိုးအုပ်စု၊အရှေ့ငယ်တိုးကျေးရွာ၏**ကျေးရွာတွင်း၊ရွာပြင်**

**အဖွဲ့အစည်းများချိတ်ဆက်မှုပြပုံ** ၅

၄. ကျောက်ဆည်မြို့နယ်၊အရှေ့ငယ်တိုးအုပ်စု၊အရှေ့ငယ်တိုးကျေးရွာ၏ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

၄.က။ တည်နေရာနှင့်ပထဝီ အနေအထား ၆

၄.ခ။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ ၆

၄.ဂ။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ ၆

၄.ဃ။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ ၇

၄.င။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ ၈

၄.စ။ ပညာရေး ၉

၄.ဆ။ ကျန်းမာရေး ၉

၄.ဇ။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၉


၄.ဈ။ ကျား – မ ရေးရာ ၁၀

၅. ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ၁၁


နောက်ဆက်တွဲများ

- နောက်ဆက်တွဲ ၁ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း ၁၂
- နောက်ဆက်တွဲ ၂ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ ၁၃

- နောက်ဆက်တွဲ ၃ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှု ဇယား ၂၆




။



## ၃။

## ကျောက်ဆည်မြို့နယ်၊အရှေ့ငယ်တိုးကျေးရွာအုပ်စု၊အရှေ့ငယ်တိုးကျေးရွာ၏ရွာတွင်း၊ရွာပြင်



## ၄. ကျောက်ဆည်မြို့နယ်၊ အရှေ့ငယ်တိုးအုပ်စု၊အရှေ့ငယ်တိုးကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှု အခြေအနေများ

### ၄.က။ တည်နေရာနှင့်ပထဝီအနေအထား

အရှေ့ငယ်တိုးကျေးရွာသည်မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ကျောက်ဆည်မြို့နယ်အတွင်း ပါဝင်သော အုပ်စုကျေးရွာတစ်ရွာဖြစ်ပြီး ကျောက်ဆည်မြို့၏ အရှေ့တောင်ဘက်(၃)မိုင်ခန့်ကွာ ဝေးသော ရန်ကုန်-မန္တလေးကား လမ်းမကြီးဘေးရှိ ကျေးရွာ၏အရှေ့ဘက်(၂)မိုင် ခန့်အကွာတွင်တည်ရှိပြီး အရှေ့ငယ်တိုး ကျေးရွာ၏ အကျယ် အဝန်းမှာ ဧရိယာဧက(၅၉၅၅၀၈၀)ဧကခန့် ကျယ်ဝန်းပါသည်။ ကျေးရွာ၏တောင်မြောက် (၀.၂၀)မိုင်၊ အရှေ့နောက်(၀.၂၅) မိုင်ဧရိယာအကျယ်အဝန်းရှိပါသည်။ကျေးရွာ၏အဓိက အသက်မွေးဝမ်းကြောင်း မှာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရောင်းဝယ်ရေး၊ သိုလှောင်ရေးအလုပ်တို့ လုပ်ကိုင်ကြပြီး စားဝတ်နေရေး၊ လူမှုရေး၊ စီးပွားရေး၊ ဘာသာရေး၊ ကျေးရွာဖွံ့ဖြိုးရေး နှင့်သားသမီးများ၏ ပညာရေးကဏ္ဍအသီးသီးတို့ကို ဖြေရှင်းကြသည်။ စိုက်ပျိုးရေးကို အလှည့်ကျ ရေလှည့်စနစ်ဖြင့်ရေပေး ဝေပါသည်။ မွေးမြူရေးတွင် နွား၊ နို့စားနွား၊ ဆိတ်၊ ဝက် များမွေးမြူကြပြီး အပိုဝင်ငွေ များရရှိအောင်လုပ်ကိုင်ကြသည်။ ရောင်းဝယ်ရေးတွင်တောင်သူကြီးများမှ ပိုလျှံငွေ များဖြင့် နနွင်း၊ နှမ်း၊ ကုလားပဲ၊ ပဲတီစိမ်း၊ ငရုတ်၊ စပါးစသည့် အသီးအနှံများကို တပိုင်တနိုင်ဝယ်ယူ သိုလှောင် ကြပြီး ကျေးရွာတွင်း တပိုင်တနိုင်ကုန်စုံဆိုင်များ၊ ဆိုင်ကယ်ဖြင့်လှည့် လည်ရောင်းချသော ကုန်စိမ်း ဈေးသည်များ စသည့်ဖြင့် လုပ်ကိုင်လျှက်ရှိကြပါသည်။

### ၄.ခ။ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

အရှေ့ငယ်တိုးကျေးရွာ၏ ရာသီဥတုအခြေအနေမှာ သာမန်အားဖြင့်နွေရာသီတွင်အပူချိန်၃၈°C အမြင့်ဆုံး ရှိပြီး အနိမ့်ဆုံးအပူချိန်မှာ ၃၂°C ရှိတက်ပါသည်။ ကျေးရွာတွင်ရာသီဥတု အနေအထားတွင် နွေရာသီ ကဲ့သို့ကာလ မျိုး တွင် အပူချိန်မြင့်မားပြီး မိုးရာသီတွင်မိုးခေါင်ခြင်းများ ဖြစ်ပေါ်ပါက ဆည်မြောင်းရေရှားပါးမှု နှင့်ရင်ဆိုင်ရ သောအခါတွင် စိုက်ပျိုးရေရရှိရေးအတွက် မြေအောက်ရေ အရင်းအမြစ်များမှ စက်ရေတွင်းများဖြင့် စိုက်ပျိုးရေ သုံးစွဲကြရပါသည်။ ဆောင်းဥတုလိုရာသီမျိုးတွင်လည်း ကျန်းမာရေးချွတ်ယွင်းသည်အထိ ဘေးဥပါတ် အန္တရာယ် ဆိုးရွားစေသောရာသီမျိုးမဟုတ်၍ ကျေးရွာနေ ပြည်သူအများ အေးချမ်းစွာနေထိုင်သမှုပြုနိုင်ကြပါသည်။ သောက်သုံးရေကိုတော့ အဝီစိတွင်းမြေတွင်းများဖြင့် တစ်နှစ်ပတ်လည်အသုံးပြုနိုင်သည်။

သဘာဝအရင်းအမြစ်များတွင် ကျေးရွာ၌စိုက်ပျိုးရေကို မြေအောက်ရေမှာပေ(၄၀)မှ(၈၀) အတွင်း၌ ပင်မြေအောက် ရေရရှိသည်။

**၄.ဂ။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ**

အရှေ့ငယ်တိုးကျေးရွာတွင် စီးပွားရေးအခြေပြုသောအဖွဲ့ (၁)ဖွဲ့၊လူမှုရေးဆိုင်ရာအဖွဲ့အစည်း (၆) ဖွဲ့ ရှိသည်။ ၎င်းအဖွဲ့အစည်းများသည် ၎င်းတို့၏အခန်းကဏ္ဍအလိုက် သက်ဆိုင်ရာတာဝန်များကို ထမ်းဆောင်လျှက် ရှိသည်။ ကျေးရွာရှိ အဆိုပါအဖွဲ့အစည်းများမှာ အပြန်အလှန်ယုံကြည်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်ရှိကြသည်။ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင် ရည်မြှင့်တင်ရေး သင်တန်းများရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက် ကောင်းမွန်လာနိုင်ပါသည်။

အရှေ့ငယ်တိုးကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုများတွင် အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာရပ်မိရပ်ဖများ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများနှင့် ပူးပါင်းညှိနှိုင်း၍ ဘာသာရေးဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် သာသနာ့အကျိုးတော် ဆောင်များဖြစ်သော ဂေါပကလူကြီးများ အဖွဲ့ဖွဲ့စည်းပေး၍ ဘာသာရေးလုပ်ငန်းများတွင် စီမံခန့်ခွဲဆောင်ရွက်စေခြင်း၊ ပညာရေးဆိုင်ရာလုပ်ငန်းများတွင် စာသင်ကျောင်း၏ အကျိုးတော်ဆောင် ကော်မတီများ ဖွဲ့စည်း၍ စီမံခန့်ခွဲဆောင်ရွက် စေခြင်း၊ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးနိုင်ရန် အတွက် နာရေးလူမှုကူညီရေးအသင်းဖွဲ့စည်း၍ စီမံဆောင်ရွက်စေခြင်း၊ ကျေးရွာတွင်းလျှပ်စစ်မီးလင်းရေးကဏ္ဍတွင် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးကော်မတီ ဖွဲ့စည်း၍ လျှပ်စစ်မီးနှင့်ပတ်သက်သော ဓါတ်အားလိုင်းများ ထိန်းသိမ်းခြင်း၊ လျှပ်စစ်မီးလင်းရေးဘဏ္ဍာငွေများရှာဖွေခြင်း လုပ်ငန်းများအတွက် စီမံခန့်ခွဲစေခြင်း၊ ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော လမ်းများ၊ ကျေးရွာပိုင် အဆောက် အဦများကို ပြုပြင်ထိန်း သိမ်းခြင်း၊ သာရေးနာရေးလုပ်ငန်းများတွင် သုံးစွဲနိုင်ရန်အတွက် ကျေးရွာပိုင်ပစ္စည်းများ ထိန်းသိမ်းခြင်း၊ ကျေးရွာဖွံ့ဖြိုးရေး ရန်ပုံ ငွေရှာဖွေခြင်းများ လုပ်ဆောင်နိုင်ရန်အတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ များဖွဲ့စည်း၍ စီမံခန့်ခွဲစေခြင်း၊ သာရေးနာရေးများတွင် ကူညီချက်ပြုတ်လုပ်ဆောင်ရန်အတွက် ထမင်းချက်အဖွဲ့များ၊ ဟင်းချက်အဖွဲ့များ၊ လူငယ်ပရဟိတအဖွဲ့များ၊ အမျိုးသမီးပရဟိတအဖွဲ့၊ ထမင်းကျွေးတာဝန်များအား ဆယ်အိမ်မှူးများမှ စီမံခန့်ခွဲ ဦးဆောင်စေခြင်းစသောဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုများတွင် အဖွဲ့အစည်းလိုက် တာဝန်ပေးအပ်၍ လုပ်ကိုင်ဆောင်ရွက်ကြပါသည်။

**၄.ဃ။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ**

အရှေ့ငယ်တိုးကျေးရွာ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ အိမ်ထောင်စု (၇၀၀) အိမ်ရှိသည့်အနက်မှ(၃၀၀)ကျော်မှာ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူများဖြစ်ကြပြီး ကျန်အိမ်ထောင်စုဝင်များမှာ နိုင်ငံ၀န်ထမ်းများ၊ စက်မှုလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ လက်သမားလုပ်ငန်း၊ ပန်းရံလုပ်ငန်း၊ အရောင်းအဝယ် နှင့်အခြား ကျပန်းလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။

စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြသော တောင်သူများအနေဖြင့် ရာသီဥတု၊ စိုက်ပျိုးရေ ကောင်းစွာရရှိပြီး သီးနှံထွက်နှုန်းကောင်းမွန်၍ ဈေးကွက်ကောင်းမွန်လျှင် အကျိုးအမြတ်များစွာရရှိပြီး ရာသီဥတုဖောက်ပြန်ပြီး စိုက်ပျိုးရေ မမှန်ပါက သီးနှံထွက်နှုန်းမကောင်း၍ အကျိုးအမြတ်နည်းခြင်း၊ ဆုံးရှုံးမှုများနှင့် ရင်ဆိုင်ရတက်ပါသည်။ စက်ချုပ်လုပ်ငန်း၊ လက်သမား၊ ပန်းရံလုပ်ငန်းနှင့် အခြားကျပန်းလုပ်ငန်း လုပ်ကိုင်ကျသူများမှာလည်း စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ကြသော တောင်သူများနှင့် ဆက်စပ်နေသောကြောင့် တောင်သူများ အကျိုးအမြတ်ရ၍ အဆင်ပြေလျှင် ၎င်းတို့လည်း အလုပ်အကိုင် များရရှိ၍ ဝင်ငွေကောင်းပြီး တောင်သူများ သီးနှံဆုံးရှုံးမှုရှိပါက အလုပ်အကိုင်ရှားပါးမှုနှင့် ရင်ဆိုင်ရတတ်ပါသည်။ တောင်သူများမှ စိုက်ပျိုးစရိတ် သက်သာသော သီးနှံများရွေးချယ်စိုက်ပျိုးရာတွင် တခါတရံကျပန်း အလုပ်သမားများ အလုပ်လက်မဲ့ဖြစ်စေ၍ မိသားစုစားဝတ် နေရေးအဆင်မပြေမှုများ ဖြစ်တတ်ကြ၍ ၎င်းတို့၏လက်တွေ့အကျိုးဖြစ်ထွန်းမည့် အသက်မွေးဝမ်းကြောင်း ပညာရပ်များ သင်ကြားပေးရန် လိုအပ်ပါသည်။

အရှေ့ငယ်တိုးကျေးရွာတွင် ဥစ္စာဓနအဆင့်ကို အဆင့် (၄) ဆင့်ဖြင့်ခွဲခြားထားပါသည်။ အထက်ပါ ဥစ္စာဓနအဆင့် အခြေအနေအရ အိမ်ထောင်စု(၇၀)ကျော်မှာအဆင်ပြေသောသူများဖြစ်၍ ကျန်အိမ်ထောင်စု (၆၃၀) ကျော်မှာ အဆင်မပြေ သောသူများ ဖြစ်ကြပါသည်။

## ၄.၀။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ(လမ်းတံတား၊ အခြားအခြေခံအဆောက်အဦများ၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး)

အရှေ့ငယ်တိုးကျေးရွာတွင် အခြေခံအဆောက်အဦများအနေဖြင့်အုပ်ချုပ်ရေးမှုးရုံး၊ ကျန်းမာရေးဆေးပေးခန်းနှင့် အစိုးရအထက်တန်းကျောင်းရှိပါသည်။ ကျေးရွာတွင် အစည်းအဝေးပွဲများ၊ ဌာနဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ ကျင်းပနိုင်ရန်နှင့် နှစ်စဉ်ပွဲတော်ရက်များ ကျင်းပနိုင်ရန်အတွက် အခြေခံခန်းမဆောင် ဆောက်လုပ်ရန်နှင့် ကျောင်းသား/သူများကောင်းမွန်စွာ ပညာသင်ကြားနိုင်ရေးအတွက် နှစ်ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်ပေး၍ ရပ်ဝေးမှတာဝန်ကျသော ပညာရေးဝန်ထမ်းများနေထိုင်နိုင်ရေးအတွက် အခြေခံဝန်ထမ်း

အိမ်ယာအဆောက်အဦများ ဆောက်လုပ်ပေးရန် လိုအပ်ပါသည်။အရှေ့ငယ်တိုးကျေးရွာ၏ ရွာတွင်းလမ်းများသည်မြေသားလမ်းဖြစ်ပြီးမိုးရာသီ တွင် ရေအိုင်ခြင်း၊ဗွက်ထခြင်း၊ ဆိုင်ကယ်၊ ကားများလမ်းချော်ခြင်းများဖြစ်ပေါ်သောကြောင့် အဆင့်မြှင့်တင်ဖို့ရန် လိုအပ်သည်။ အရှေ့ငယ်တိုး ကျေးရွာအုပ်စုအတွင်းရှိ အိမ်ထောင်စုဝင်များနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ အိမ်ထောင်စုဝင်များ အဆင်ပြေစွာ ဈေးဝယ်ယူ ရောင်းချနိုင်ရေးအတွက် အခြေခံဈေးသစ်တည်ဆောက်ပေးရန်လိုအပ်ပါသည်။

လျှပ်စစ်မီးလင်းရေးအခြေအနေမှာ စုစုပေါင်းအိမ်ထောင်စု ၏(၆၇.၂၈%)သည် မဟာဓါတ်အား လိုင်းကို အသုံးပြုနေကြပါသည်။ တစ်ချို့အိမ်ထောင်စုများဖြစ်သော(၂၂၉) အိမ်(စုပေါင်းအိမ်ထောင်စု၏ (၃၂.၇၁%) ခန့်သည် မဟာဓါတ်အားလိုင်းသုံးစွဲနိုင်ခြင်း မရှိသေးပါ။ အဘယ်ကြောင့်ဆိုသော် မီတာအခငွေနှင့် သွယ်တန်းကြိုးတန်ဖိုးငွေ မတတ်နိုင်သော ဆင်းရဲသော အိမ်ထောင်စုများဖြစ်သည်။

ကျေးရွာဘေးတွင် မည်သည့်ရေကြောင်းသယ်ယူပို့ဆောင်မှုများမှ မရှိပါ။ အခြားသော သယ်ယူ ပို့ဆောင်ရေးယာဥ်များကို ဇယားတွင် ဖော်ပြထားပါသည်။ ဆိုင်ကယ်(၅၂၃)စီးမှာ သယ်ယူပို့ဆောင်ရေးဝန်တင်အဖြစ် သုံးပြီး၊ လုပ်ငန်းသုံးအနေဖြင့် သုံးဘီးဆိုင်ကယ် (၁)စီး၊ ထော်လာဂျီ (၅) စီးရှိသည်။ ကားအစီး (၅)စီးနှင့် နွားလှည်းများမှာလုပ်ငန်းသုံးနှင့် အိမ်စီးကားများဖြစ်သည်။

ကျေးရွာတွင် မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှု လုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်း အချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ လျှပ်စစ်မီးရရှိသော အိမ်များ၏ (၆၇.၂၈%)ခန့်မှာ တီဗွီမှ ဗဟုသုတအစီအစဉ်များ ကြည့်ရှုကြသည်။

## ၄.၈။ ပညာရေး

အရှေ့ငယ်တိုးကျေးရွာတွင် အစိုးရအထက်တန်းကျောင်းခွဲရှိသည့်အတွက် ကျေးရွာရှိကလေးများ ပညာရေးကို အလွယ်တကူသင်ကြားခွင့်ရရှိကြပါသည်။ ကျောင်းသား/ ကျောင်းသူများမှာလည်း အခြေခံပညာ အဆင့်ထိ(၁၀၀) ဦးခန့်ရှိပါသည်။ လက်ရှိစာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ စတုရန်းပေ (၈၇၅၀၆) ရှိသည်။ စာသင်ကျောင်း ဆောင်၏အရည်အသွေးမှာ သင့်တင့်သည့် အနေအထားရှိပြီး ကျောင်းပရိဘောဂများ လုံလောက်မှုမရှိသေးပါ။ လက်မှုပညာနှင့် ပတ်သက်၍ လက်သမား၊ ပန်းရံ၊ စက်ချုပ်ခြင်းစသောပညာရပ်

များတတ်မြောက်သည့် သူများရှိသလို အထက်တန်း အဆင့်အတန်းပညာပြီးဆုံးအောင် မသင်ကြားနိုင်သော လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးအတွက် ၎င်းတို့နှင့်သင့်တော်၍ လက်တွေ့အကျိုးရှိသော စက်မှု၊ လက်မှုပညာရပ်များ သင်ကြားပေးရန်လိုအပ်ပါသည်။ အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးဆဲဖြစ်သည်။

**ဆ။ ကျန်းမာရေး**

အရှေ့ငယ်တိုးကျေးရွာတွင် ကျေးလက်ကျန်းမာရေးနှင့်ပတ်သက်၍ ကူးစက်ရောဂါ၊ တီဘီရောဂါဖြစ်ပွားသူမှာ လူဦးရေ၏(၀.၂%)ခန့်သာရှိပြီးသွေးတိုးရောဂါ၊ မျက်စိရောဂါဖြစ်ပွားသူအနည်းကျင်းသာရှိ၍ အများစုမှာ ကျန်းမာရေး ကောင်းမွန်ပါသည်။ တခါတရံကလေးငယ်များမသန့်ရှင်းသော အစားသောက်များ စားသုံးမိခြင်းကြောင့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါဖြစ်ပွားတတ်၍ အစားသောက်နှင့် ဆိုင်သောကျန်းမာရေး ဗဟုသုတများ၊ စားသုံးရန်မသင့်လျော်သော အစားအသောက်များအား အသိပညာပေးဟောပြောပွဲများ ကျင်းပပေးရန်လိုအပ်ခြင်းမှလွဲ၍ တစ်ခြားကူးစပ်တတ်သော ရောဂါဖြစ်ပွားမှုများမရှိပါ။ ကျေးရွာအိမ်ထောင်စုအားလုံးမှာ ယင်လုံအိမ်သာ သုံးစွဲကြပါသည်။

**၄.၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး**

အရှေ့ငယ်တိုးကျေးရွာတွင် တစ်ခါတစ်ရံ အပူချိန်မြင့်မားခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးခေါင်ခြင်း၊ လေပြင်းများတိုက်ခက်ခြင်း၊ မိုးသီးများကြွေကျခြင်းဘေးအန္တရာယ်များ ဖြစ်ပေါ်တတ်ပါသည်။

အပူချိန်မြင့်မား၍ မိုးခေါင်ခြင်းတို့ကြောင့် စိုက်ပျိုးရေရှားပါးမှုဘေးအန္တရာယ်နှင့် ကြုံတွေ့ရတတ်ပြီး လေပြင်းများတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် မိုးသီးများကြွေကျခြင်းတို့ကြောင့်၊လူနေအိမ်များ ပျက်စီးခြင်း၊ စိုက်ပျိုးသီးနှံများပျက်စီးဆုံးရှုံးခြင်း ဘေးအန္တရာယ်များဖြစ်ပွားတတ်ပါသည်။ စိုက်ခင်းများတွင် ဖျက်ပိုးများကျရောက် တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓာတုမြေသြဇာ သုံးစွဲမှုများပြားသဖြင့် မြေဆီလွှာ အရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှား နှိမ်နှင်းရေးစနစ်အစား ဓါတု ပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

၄.၈။ ကျား - မရေးရာ

အရှေ့ငယ်တိုးကျေးရွာတွင် ကျား-မ ရေးရာကိစ္စဆိုင်ရာအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မ ရေးရာဆိုင်ရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စများမတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြား နယ်ပယ်များတွင် အခွင့်အရေးတူညီစွာ ရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများအရ ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသမီးများသည် အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။

အရှေ့ငယ်တိုးကျေးရွာတွင် ကျား-မ မရွေး၊ လူကြီးလူငယ်မရွေး နှစ်စဉ်ဝါတွင်းကာလ၌ ဆွမ်းတော်ကြီး လှည့်ခြင်းကို သာသနာ့ အကျိုးတော်ဆောင် ဂေါပကအဖွဲ့များနှင့် ပူးပေါင်း၍ လှည့်လည်ခြင်း၊ ဝါတွင်းကာလ ဥပုသ်နေ့များ၌ ပိဏ္ဍပတ်ဆွမ်းလောင်းခြင်း၊ ကျေးရွာတွင်းသာရေးနာရေးများ တွင်လည်း ကူညီဆောင်ရွက်ခြင်း၊ ကျေးရွာလုံခြုံရေး လုပ်ငန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် (၁၂) လရာသီပွဲတော်များတွင် ဦးဆောင်၍ ဆောင်ရွက်ကြပါသည်။ အရှေ့ငယ်တိုးကျေးရွာ အမျိုးသမီးများမှာ ဘာသာရေးပွဲများတွင် ဓမ္မစကြာ ရွတ်ဖတ်ပူဇော်ခြင်း၊ နာရေးများတွင် သံဝေဂအလင်္ကာများ ရွတ်ဆိုပို့ဆောင်ခြင်းကြောင့် ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးလုပ်ငန်းများတွင် အမျိုးသားများနှင့် တန်းတူ ရင်ဘောင်တန်း၍ ပူးပေါင်း ဆောင်ရွက်ကြပါသည်။

စိုက်ပျိုးရေးတွင် လုပ်ကိုင်ကြသော အမျိုးသားများ၏ ပျမ်းမျှတစ်ရက်လုပ်အားခမှာ (၄၀၀၀/-) ကျပ်ဖြစ်ပြီး၊ လက်သမား၊ ပန်းရန်စသော လက်မှုပညာဖြင့် လုပ်ကိုင်ကြသော အမျိုးသားများ၏ ပျမ်းမျှ တစ်ရက်လုပ်အားခမှာ (၆၀၀၀/-) ကျပ်ဖြစ်ပါသည်။စိုက်ပျိုးရေးလုပ်ငန်းများတွင် လုပ်ကိုင်ကြသော အမျိုးသမီးများ၏ တစ်ရက်လုပ်အားခပျမ်းမျှမှာ (၃၅၀၀/-)ကျပ်ရရှိပြီး အခြားဆောက်လုပ်ရေး လုပ်ငန်းများဖြစ်သော ပန်းရံ၊ လက်သမား၊ ကျပန်းလုပ်ငန်းများတွင် အမျိုးသားပျမ်းမျှ (၆၀၀၀/-) ကျပ်နှင့် အမျိုးသမီးပျမ်းမျှ (၃၅၀၀/-) ကျပ်ရရှိကြသည်။ အခြားနိုင်ငံဝန်ထမ်းများတွင် အမျိုးသား၊ အမျိုးသမီး ရာထူးတူ လစာနှုန်းတူများ ရရှိကြ၍ အခြားအဖွဲ့အစည်းများတွင် လုပ်ကိုင်နေကြသူများ လည်း ရှိပါသည်။

## ၅. ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

| စီမံချက်အမည် | ဦးစား ပေးအဆင့် | စီမံချက်အမည် | ဦးစား ပေးအဆင့် |
|---|---|---|---|
| ကျေးရွာတွင်ခန်းမဆောင်အဆင့်မြှင့်တင်ပေးရန် | ၁ | ကျန်းမာရေးအထောက်အကူပြုပစ္စည်းများလုံလောက်စွာချထားပေးရန် | ၁၁ |
| ကျေးရွာချင်းဆက်လမ်းအားကွန်ကရစ်လမ်းပေးရန် | ၂ | ကျေးရွာတွင်းမြောင်းချဲ့ပေးရန် | ၁၂ |
| ရွာပတ်လမ်းရေဆိုးမြောင်းများတူးဖော်ပေးရန် | ၃ | အသက်မွေးဝမ်းကြောင်းသင်တန်းများပို့ချရန် | ၁၃ |
| စာသင်ကျောင်းဆောင်အသစ်ဆောက်လုပ်ပေးရန် | ၄ | | |
| မြောင်းဘောင်ဖောမြှင့်တင်ပေးရန် | ၅ | | |
| ကျန်းမာရေးဆရာမထပ်မံတိုးမြှင့်ချထားပေးရန် | ၆ | | |
| အားကစားကွင်းဆောက်လုပ်ပေးရန် | ၇ | | |
| အများသုံးရေကန်ပြန်လည်တူးဖော်ပေးရန် | ၈ | | |
| စာသင်ကျောင်းဆောင်အဟောင်းပြန်လည်ဆောက်လုပ်ရန် | ၉ | | |
| ရေစဉ်ရေပိုက်လိုင်းသွယ်တန်းပေးရန် | ၁၀ | | |

နောက်ဆက်တွဲ(၁)

အရှေ့ငယ်တိုးကျေးရွာ၊ အရှေ့ငယ်တိုးကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးညွန့်မြိုင် | ဦးအုန်းမောင် | ၉/ကဆန(နိုင်)၀၈၀၇၆၆ | ၄၉ | ဥက္ကဋ္ဌ | ၀၉-၇၇၅၆၁၄၆၅၈ |
| ၂ | ဦးဇော်သန်း | ဦးစိန်ထွန်း | ၉/ကဆန(နိုင်)၀၅၂၉၉၃ | ၄၆ | အတွင်းရေးမှူး | ၀၉-၉၆၉၇၇၇၂၁၇ |
| ၃ | ဒေါ်သင်းသင်းလှိုင် | ဦးကျော်ဆွေ | ၉/ကဆန(နိုင်)၁၈၆၀၂၉ | ၂၈ | ဘဏ္ဍာရေးမှူး | ၀၉-၇၇၄၅၇၂၃၀၁ |
| ၄ | ဦးဇော်မင်းသန်း | ဦးသန်းထွန်း | ၉/ကဆန(နိုင်)၁၂၉၂၈၉ | ၃၂ | စာရင်းကိုင် | ၀၉-၇၇၀၅၅၆၆၀၁ |
| ၅ | ဒေါ်ရင်ရင်အေး | ဦးထွန်းဆောင် | - | ၄၁ | သော့ကိုင်(၁) | ၀၉-၇၉၀၁၈၈၀၅၈ |
| ၆ | ဦးနေလင်း | ဦးကျော်မြင့် | - | ၃၈ | သော့ကိုင်(၂) | ၀၉-၇၇၅၇၃၉၁၄၀ |
| ၇ | ဒေါ်ရီ | ဦးစံထွန်း | - | ၂၅ | စာရင်းကိုင် | ၀၉-၉၆၉၇၇၇၂၁၆ |
| ၈ | ဒေါ်ငွေငွေမြင့် | ဦးသိန်းကျော် | - | ၂၈ | အဖွဲ့ဝင် | ၀၉-၂၅၆၈၆၆၂၉၀ |
| ၉ | ဦးနောင်ဦး | ဦးပေါ | - | ၃၅ | အဖွဲ့ဝင် | ၀၉-၇၉၈၆၃၁၉၇၇ |
| ၁၀ | ဦးနန်းမြင့်လှိုင် | ဦးသောင်းရွှေ | - | ၂၁ | အဖွဲ့ဝင် | ၀၉-၇၆၀၇၄၈၂၄၉ |
| ၁၁ | ဦးနေအောင်ကို | ဦးအောင်ဝင်း | ၉/ကဆန(နိုင်)၁၅၀၄၆၂ | ၂၈ | အဖွဲ့ဝင် | ၀၉- ၇၉၇၅၉၆၅၁၈ |
| ၁၂ | ဦးကျော်မင်းထိုက် | ဦးဖိုးတုတ် | - | ၄၃ | အဖွဲ့ဝင် | - |

| | | | | | | |
|---|---|---|---|---|---|---|
| ၁၃ | ဒေါ်တင်ငွေ | ဦးမြင့် | - | ၄၅ | အဖွဲ့ဝင် | - |

နောက်ဆက်တွဲ(၂)

**ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ**

**(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၂၂ | ၁၇ | ၃၉ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၇၆ | ၇၆ | ၁၅၂ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၁၁၉ | ၁၁၀ | ၂၂၉ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၁၁၈ | ၁၀၇ | ၂၂၅ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၀၆၅ | ၁၁၉၁ | ၂၂၅၆ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၆၁ | ၈၉ | ၁၅၀ |
| စုစုပေါင်း | | ၁၄၆၁ | ၁၅၉၀ | ၃၀၅၁ |
| စုစုပေါင်း အိမ်ထောင်စု | | ၇၀၀ | | |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာအတွင်း အသက်(၉၀)နှင်အထက်သက်ကြီးဘိုဘွားများအားအစိုးရလူမှုဖူလုံရေး ဌာနမှ တစ်လျင်(၁၀၀၀၀)ကျပ်ဖြင့် (၃)လလျှင် တစ်ကြိမ်ထောက်ပံ့ပေးခြင်းရှိပါသည်။ ကလေးငယ်များကိုလည်း ကာကွယ်ဆေး ထိုးပေးပါသည်။

**(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ**

**(၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ**

**ဇယား (၂)ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ**

| မြေအမျိုး အစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/ အနည်း အကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်းမြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| လယ်မြေ | ၁၀၁၁ | ကောင်း | ရ | ချောင်းရေ |
| ယာမြေ | - | - | - | - |
| ဥယျာဉ်ခြံမြေ | - | - | - | - |
| အိမ်ခြံဝင်း စိုက်ခင်း | - | - | - | - |
| ကိုင်း/ကျွန်းမြေ | - | - | - | - |
| စားကျက်မြေ | - | - | - | - |
| ပလပ်မြေ | - | - | - | - |
| သစ်တောမြေ | - | - | - | - |
| စုစုပေါင်း | ၁၀၁၁ | | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊**

**မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာသည် လယ်မြေများသာ ရှိပါသည်။ စိုက်ပျိုးမြေ အများစုမှာ လယ်မြေများဖြစ်ကြပြီး ဆည်ရေသောက်ဖြစ်သော်လည်း ရေပေးဝေမှုမှာ အနည်းအကျဉ်းသာဖြစ်ခြင်း၊ အဝီစိတွင်းများတူး၍ စိုက်ပျိုးရေးကို အစားထိုးအသုံးပြုနေကြပါသည်။

## (၂.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

**ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ**

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့/ရေနံ) | - | - |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တုကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် | - | - |
| အခြားသဘာဝအရင်းအမြစ် | | |
| တိရစ္ဆာန်မျိုးစိတ်များ | - | - |
| အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော) | - | - |
| ပျှမ်းမျှအပူချိန် – ၃၈˚c | ပျှမ်းမျှ မိုးရေချိန် – ၄၀˚F | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊**

**လေ့လာတွေ့ရှိချက်။ ။ မရှိပါ။**

## (၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

**ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာ<u>တစ်ခု ကိုသာ</u> ရွေးရန်) | လုပ်ငန်းတာဝန် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်း လင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | လူမှုကူညီအဖွဲ့ | ၁☐ ၂☑ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☑ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ | လူငယ်/အမျိုးသား/သမီးများပါဝင်<br>ပြီးကျေးရွာ၏ကျန်းမာရေးအခက်အခဲများဖြေရှင်းရာတွင်ကူညီ၍ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| | | | လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကျေးရွာ၏အတက်ကြွဆုံးအဖွဲ့ဖြစ်သည်။ |
| ၂ | ကျောင်းကော်မတီအဖွဲ့ | ၁☐ ၂☑ ၃☐ | ပညာရေး☑ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | အဖွဲ့ဝင်(၈)ဦးပါဝင်၍ကျေးရွာ၏ကျောင်းနှင့်ပတ်သက်၍လိုအပ်သည်<br>များဆွေးနွေးတိုင်ပင်ခြင်း၊အခမ်းအ<br>နားများပြုလုပ်ခြင်း |
| ၃ | ဂေါပကအဖွဲ့ | ၁☐ ၂☐ ၃☑ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | အဖွဲ့ဝင်(၅)ဦးရှိ၍ရွတ်ဆိုပွဲများ၊ဆွမ်း<br>တော်ကြီးလှည့်ခြင်းများ၊အလှူခံခြင်းများနှင့်ကျေးရွာ၏ဘာသာရေးအခမ်းအနားများအားဦးဆောင်ပါသည်။ |
| ၄ | ရပ်မိရပ်ဖအဖွဲ့ | ၁☑ ၂☐ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☑ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ရပ်ရွာ၏ငွေကြေးစီမံခန့်ခွဲမှုများ၊အုပ်ချုပ်မှုအပိုင်း၊အစည်းအဝေးပွဲများအားညှိနှိုင်း၍ဆောင်ရွက်ပါသည်။ |
| ၅ | ငွေစုငွေချေးအဖွဲ့ | ၁☐ ၂☑ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☑ | စိုက်ပျိုးရေးကိုဦးစားပေးလုပ်ဆောင်<br>ပြီးဈေးကွက်အခြေအနေအရဖွံ့ဖြိုးမှု<br>နည်းနေပါသည်။ |
| ၆ | တောင်သူလယ်သမားအဖွဲ့ | ၁☑ ၂☐ ၃☐ | ပညာရေး☐ငွေကြေး☑<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☑<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | အရောင်းအဝယ်ချေးငွေစိုက်ဘဏ်<br>တောင်သူချေးငွေ၊တပိုင်တနိုင်မွေး<br>မြူရေးချေးငွေပေးပါသော်လည်းအတိုးနှုန်းများသည်။ |
| ၇ | မြကျွန်းသာအဖွဲ | ၁☑ ၂☐ ၃☐ | ပညာရေး☐ငွေကြေး☑<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | အားနည်းပါသည်။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ လယ်သမားမှန်လျှင်မြေပေါ်တွင် စိုက်ပျိုးလုပ်ကိုင်ပါသော်လည်း ၁။စိုက်ပျိုးရေး ၂။ဈေးကွက် ၃။စိုက်ဘဏ်ချေးငွေပမာဏ နည်းလွန်းခြင်း ၄။ပွဲစားများ၏ ကတိပျက်ပြီး ငွေများဆုံးရှုံးစေ၍ ကျေးရွာဖွံ့ဖြိုးမှုအတန်အသင့်သာရှိပါသည်။

(၄) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(၄.၁) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၅)ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၀ကေနှင့်၅ အထက် | ၅ကေနှင့်၃အကြား | ၃မှ၁ကေကြား | - |
| အိမ်အခြေအနေ | တိုက်(၂)ထပ်အိမ် | တိုက်(၁)ထပ်အိမ် | (၄)ပင်ထရံကာသွပ်မိုး | သုံးပင်သက်ကယ်မိုး |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ကား၊ထော်လာဂျီ၊ထွန်စက်၊ရေစက် | ထော်လာဂျီ၊ရေစုပ်စက်၊နွားလှည်း | ဆိုင်ကယ်၊စက်ဘီး | ဆိုင်ကယ်၊စက်ဘီး |
| အဓိကစီးပွားရေး လုပ်ငန်း | စိုက်ပျိုးရေး | စိုက်ပျိုးရေး | ကျပန်း | ကျပန်း |
| အိမ်ထောင်စု | ၇၀ | ၂၃၀ | ၁၅၀ | ၂၅၀ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက် ။** ။ကျေးရွာသည် စိုက်ပျိုးရေးကိုအဓိကထား အသက်မွေးကြသော ကျေးရွာဖြစ်ပြီး အဆင်ပြေသောအိမ်ထောင်စုများမှာလည်း တောင်သူလယ်သမားကြီးများသာ ဖြစ်ပါသည်။ မပြေလည်သော အိမ်ထောင်စုများများမှာလည်း မြေကေအနည်းငယ်ရှိသူများနှင့် မြေယာမဲ့များဖြစ်သည်။ ၎င်းအိမ်ထောင်စုများ မှလည်း တောင်သူကူလီများသာ ဖြစ်သည်။

(၄.၂) သီးနှံထုတ်လုပ်ရေး

(၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၂၅၀ | ၃၅% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ကေအောက်(၁ ဟတ် တာထိ) | ၁၀၀ | ၄၂.၈၅% | ဆင်းရဲသားတောင်သူ |

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၃ | ၂.၅ကေမှ ၅ ကေထိ (၂ ဟတ်တာထိ) | ၃၅၀ | ၇.၁၄% | တောင်သူငယ် |
| ၄ | ၅ကေမှ၁၂.၅ကေကြား ( ၅ဟတ်တာထိ) | ၂၅၀ | ၇.၁၄% | အလယ်အလတ်စားတောင်သူ |
| ၅ | ၁၂.၅ကေအထက် (၅ဟတ်တာနှင့် အထက်) | ၁၅၀ | ၇.၁၄% | တောင်သူကြီး |
| | ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | ၇၁၀ | ၉၉.၂၇% | |

**ရင်းမြစ် …(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။** ။မြေယာမဲ့များ ကျေးရွာအိမ်ထောင်စု၏ ထက်ဝက် နီးပါးခန့် ရှိသည်။ ၎င်းမြေယာမဲ့များမှာလည်း တောင်သူကူလီများသာ အများစုလုပ်ကိုင်ကြသည်။ တောင်သူအများစုမှာ အလုပ်သမား ရှားပါးခြင်း၊ သီးနှံဈေးကွက် တည်ငြိမ်မှုမရှိပါ။

### (၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

**ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း**

| သီးနှံ | စုစု ပေါင်း စိုက် ကေ | တစ်ကေ အထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်း ဆုံး | အများ ဆုံး | ပျမ်းမျှ | |
| စပါး | ၇၀၀ | တင်း | ၅၀ | ၇၀ | ၆၅ | သင့် |
| ကြက်သွန် | ၁၁၁ | ပိဿ ာ | ၁၅၀ ၀ | ၃၀၀၀ | ၂၀၀၀ | များ |
| ပဲတီစိမ်း | ၁၀၀ | တင်း | ၆ | ၁၅ | ၁၀ | သင့် |
| ၎ရုတ် | ၁၀၀ | တင်း | ၅၀ | ၁၅၀ | ၁၀၀ | များ |
| | | | | | | |
| | | | | | | |
| | | | | | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။လယ်မြေများအား စပါးကို စိုက်ပျိုးကြပြီး ယာမြေများအား ပဲတီစိမ်းနှင့်၎ရုတ်များ အဓိကထား အများစုစိုက်ပျိုးကြသည်။ မိုးတွင်းကာလတွင် စပါးသီးနှံမှာ ထွက်နှုန်းကောင်းပြီး ကြက်သွန် စိုက်ပျိုးချိန် မှာယမန်နှစ် ထက်ပိုးသတ်ဆေးများ ထက်ဝက်ပို၍ပတ်ဖြန်းရခြင်းကြောင့် ကုန်ကျစရိတ်များ အဆမတန်များပြားနေသည်။

### (၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| **နွား** | ၂၈ | ၂၄၉ |
| **နို့စားနွား** | ၁၂ | ၄၄ |
| **ကျွဲ** | | |
| **မြင်း** | ၁ | ၁ |
| မြည်း | | |
| လား | | |
| ဆိတ် | | |
| သိုး | | |
| ဝက် | ၆ | ၂၄ |
| ကြက် | ၇ | ၃၇ |
| ဘဲ | | |
| နွားနောက် | | |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | | |
| ပုဇွန်ကန် | | |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | | |
| ရေချို ငါးဖမ်းလုပ်ငန်း | | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | | |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်၊** ။ကျေးရွာတွင်ခိုင်းနွားနှင့်နို့စားနွားများကိုတပိုင်တနိုင်မွေးမြူကြပါသည်။ကြက်၊ ဝက်မွေးမြူရေး လုပ်ကိုင်နေသောအိမ်ထောင်စုများလည်းရှိပါသည်။

## (၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ် ငန်းနှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစု ဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ် ခြင်း | | | | |
| ၂ | ထုတ်ကုန်လုပ်ငန်း | | | | |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေး ဝေရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ | ၁၅၀ | ၁၅၀ | ၁၅၀ | အလယ်အလတ်အဆင့် |

| | | | | | |
|---|---|---|---|---|---|
| | ပန်းရံ လုပ်ငန်း | | | | |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်း များ ပြင်ဆင်ရေး | ၁၀ | ၁၀၀ | ၁၀၀ | |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေး သူ) | ၂၀ | ၁၀၀ | ၁၀၀ | |
| ၇ | လက်လီ - လက်ကားရောင်း ဝယ်ရေး | ၅ | ၅၀ | ၅၀ | ရပ်တည်နိုင်မှုမှာအလယ်အလတ်အဆင့်နှင့်အမြင့်တို့တွင်တည်ရှိပါသည်။ |
| ၈ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး | | | | |
| ၁၀ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန် ဆောင်မှု လုပ်ငန်း) | ၁၀ | ၁၀ | ၅၀ | ငွေကြေးချမ်းသာသူများကုန်ဝယ်လှောင်ကြပြီးရပ်တည်နိုင်မှုမှာဖြင့်အရောင်းချေးငွေ |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ် ငှား ရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ | - | - | - | |
| ၁၂ | ပညာရေး | ၁၀ | ၁၀၀ | ၈၀ | ပညာရေးဝန်ထမ်းများဖြစ်ကြပြီးစီးပွားရေးရပ်တည်နိုင်မှုမှာမြင့်ပါသည်။ |
| ၁၃ | ကျန်းမာရေး | - | - | - | |
| ၁၄ | လူမှုရေး လုပ်ငန်းများ | ၁၀ | - | ၈၀ | |
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ( အထက်ဖော်ပြပါလုပ်ငန်းများမှအပ) | - | - | - | |
| | စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ | | | ၆၆၀ | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။စိုက်ပျိုးရေးမွေးမြူရေးသမားများလည်း အပိုဝင်ငွေရရှိရန် အခြားလုပ်ငန်းများကိုလည်း လုပ်ကိုင်ကြပြီး မိသားစုစားဝတ်နေရေး ဖြေရှင်းယူကြသည်။

**(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ**

**(၅.၁) ဈေး**

**ဇယား** (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး (အနီးဆုံး <u>တစ်ခုကိုသာ</u>ဖော်ပြပါရန်) | အကြီးစားဈေးကွက် (အဓိက<u>တစ်ခုကိုသာ</u>ဖော်ပြပါရန်) |
|---|---|---|
| **ဈေးအမည် (မြို့/ ရွာ)** | ကျောက်ဆည်ဈေး | ကျောက်ဆည်ဈေး |
| **ရွာမှအကွာအဝေး (မိုင်)** | ၀ မှ ၁ မိုင်☐ ၁ မှ ၅ မိုင် ☑ | ၀ မှ ၁၀ မိုင်☑ ၁၁ မှ ၂၀ မိုင်☐ |

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး (အနီးဆုံး <u>တစ်ခုကိုသာ</u>ဖော်ပြပါရန်) | အကြီးစားဈေးကွက် (အဓိက<u>တစ်ခုကိုသာ</u>ဖော်ပြပါရန်) |
|---|---|---|
| (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်) | ၅ မှ ၁၀ မိုင်☐ ၁၀မှ ၁၅မိုင် ☐ ၁၅ မိုင် အထက် ☐ | ၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☐ ၅၁ မှ ၁၀၀ ☐၁၀၀မိုင်အထက်☐ |
| သယ်ယူပို့ဆောင်ရေးနည်းလမ်း | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☑ ကား/ထော်လာဂျီ ☑ ရထား ☐သုံးဘီးဆိုင်ကယ် ☑ လှေ ☐ စက်လှေ ☐ | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☑ ကား/ထော်လာဂျီ ☑ ရထား ☐သုံးဘီးဆိုင်ကယ် ☑ လှေ ☐ စက်လှေ ☐ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် ကျောက်ဆည်ဈေးနှင့်နီးကပ်သောကြောင့် သွားလာမှုအဆင်ပြေပါသည်။သယ်ယူပို့ဆောင်ရေးမှာ ကိုယ်ပိုင်ဆိုင်ကယ်၊ ကား၊ ထော်လာဂျီများဖြင့်သာ သွားလာကြသည်။ ကျောက်ဆည်ဈေးမှာရွာ၏ကုန်စိမ်း၊ကုန်ခြောက်များဈေးချိုချိုဖြင့်ဝယ်ယူ၍ရနိုင်ပါသည်။

## (၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

| လမ်း အမျိုးအစား | အမျိုး အစား | အရည် အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| ရွာတွင်းလမ်း | ၁☑၂☐၃☑ ၄☐၅☐ | ကောင်း☐ သင့် ☐ ညံ့ ☑ | ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်လုံး☐ | ၀–၁ မိုင် ☐ ၁–၅ မိုင် ☑ ၅–၁၀ မိုင် ☐ ၁၀မိုင်အထက်☐ |
| ချဉ်းကပ်လမ်း | ၁☑၂☐၃☐ ၄☐၅☐ | ကောင်း☐ သင့် ☐ ညံ့ ☑ | ပွင့်လင်း ရာသီ ☑ တစ်နှစ်ပတ်လုံး☐ | ၀–၁ မိုင် ☑ ၁–၅ မိုင် ☐ ၅–၁၀ မိုင် ☐ ၁၀မိုင်အထက်☐ |
| ရွာချင်းဆက်လမ်း | ၁☑၂☐၃☐ ၄☐၅☐ | ကောင်း☐ သင့်☐ ညံ့☑ | ပွင့်လင်း ရာသီ☐ တစ်နှစ်ပတ်လုံး☑ | ၀–၁ မိုင်☐ ၁–၅ မိုင်☑ ၅–၁၀ မိုင်☐ ၁၀မိုင်အထက်☐ |

**ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**မှတ်ချက်။ ။မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကျောက်ချောလမ်း - ၃၊ ကွန်ကရစ်လမ်း - ၄၊ ကတ္တရာလမ်း - ၅**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင်မြေသားလမ်းများဖြစ်နေသောကြောင့်မိုးရွာလျှင်လမ်းများပျက်ဆီးသဖြင့်သွားလာ မှုခက်ခဲပါသည်။ရွာချင်းဆက်လမ်းများလည်းကျဉ်းမြောင်းသဖြင့်သွားခက်ခဲပါသည်။

## (၅. ၃) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ **အသုံးမပြုပါ**အကွက်တွင် ✓ ခြစ်ပါ)။

| သယ်ယူပို့ဆောင်ရေး | Nearest town အကွာအဝေး (မိုင်) | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☑ | ပွင့်လင်းရာသီ☐တစ်နှစ်ပတ်လုံး☐ |
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင်☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☑ | ပွင့်လင်းရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |

**ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။မရှိပါ။

### (၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| **အရေအတွက်** | - | - | ‘- | ၅၂၃ | ၁ | ၅ | ၅ | - | ၂၁ |

**ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင်းကိုယ်ပိုင်မော်တော်ဆိုင်ကယ်ကား၊ထော်လာဂျီ၊သုံးဘီးဆိုင်ကယ်ဖြင့်သာသွားလာကြသည်။ လမ်းပန်းမှားကျဉ်းမြောင်းသောကြောင့်သွားလာမှုခက်ခဲပါသည်။

### (၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) **လျှပ်စစ်မီးရရှိမှု အခြေအနေ**

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| **မဟာဓာတ်အားလိုင်း** | ၄၇၁ |
| ဆိုလာစနစ် | |
| အသေးစားရေအားလျှပ်စစ် | |
| ဒီဇယ်သုံးအင်ဂျင် | |
| လေစွမ်းအင် | |
| ဇီဝလောင်စာ | |
| အမျိုးအမည်ခွဲခြား ဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ် | |
| **လျှပ်စစ်မီး အသုံးမပြုနိုင်သော** | ၂၂၉ |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။အိမ်ထောင်စု ( ၇၀၀)စုရှိသည့်အနက်မှ ( ၄၇၁ )စုသာ မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးရယူ သုံးစွဲနိုင်သေးပြီး ဆင်းရဲသားအိမ်ထောင်စုများမှာမူ အခြားနည်းစနစ်ဖြင့်

အသုံးပြုနေကြရသည်။ ထို့ကြောင့် ဆင်းရဲသား အိမ်ထောင်စုများမှာ မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးရရှိရန် လိုအပ်လျက်ရှိသည်။

### (၅.၆) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား (၁၅) **ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ**

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ |
|---|---|---|---|
| အရေအတွက် | ၆၀၅ | - | ၄၃၃ |

**ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် တယ်လီဖုန်းလိုင်းများအားလုံးမိသောကြောင့် အော်ပရေတာမျိုးစုံမှ တယ်လီဖုန်းများကိုင်ကြသည်။ လျှပ်စစ်မီးရရှိသော အိမ်များ၏ (၆၇.၂၈%)ခန့်မှာ တီဗွီမှဗဟုသုတ အစီအစဉ်များကြည့်ရှုကြသည်။

## (၆) ပညာရေး

### (၆.၁) ကျောင်းတက်နှုန်း

**ဇယား** (၁၆) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၁၂၃ | ၁၀၁ | ၂၂၂ |
| အလယ်တန်း | ၈၈ | ၇၃ | ၁၆၁ |
| အထက်တန်း | ၃၆ | ၂၁ | ၅၇ |
| တက္ကသိုလ်/ကောလိပ် | ၁၆ | ၁၉ | ၃၅ |

**ရင်းမြစ်** … (၁) **ကျောင်းဝင်စာရင်း၊** (၂) **ဆယ်အိမ်မှူးများ။**

**မှတ်ချက်။** ။ဤဇယားကို ဖြည့်သွင်းရာတွင် <u>ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ သူများကိုသာ</u> ဖြည့်သွင်းရန်ဖြစ်ပါသည်။ **၄င်းအပြင် "ဘုန်းကြီးကျောင်းသင်ပညာရေး" ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/သားများကို အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် အသက်၅နှစ်ပြည့်သော်လည်း ကျောင်းမနေဖြစ်သေးသည့် သူများ အနည်းငယ်တွေ့ရသည်။ အချို့မှာအလယ်တန်းအဆင့်ထိ ရှိသင့်သော အသက်အရွယ်များဖြစ်သော်လည်း ကျောင်းအပ် နောက်ကျခြင်းကြောင့် မူလတန်းအဆင့်သာရှိကြသေးသူများလည်းတွေ့ရသည်။ မိဘများ၏ စားဝတ်နေရေး မပြေလည် သောကြောင့် ကျောင်းမနေရသောကလေးငယ်များလည်း ရှိပါသည်။

### (၆.၂) စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | (၁) | (၂) | (၃) |
|---|---|---|---|
| **က။** ကျောင်းအဆင့် | မူလတန်း☐<br>မူလွန် ☐ | မူလတန်း☐<br>မူလွန်☐ | မူလတန်း☐<br>မူလွန်☐ |

<table>
<tr><th>အကြောင်းအရာ</th><th colspan="3">(၁)</th><th colspan="3">(၂)</th><th colspan="3">(၃)</th></tr>
<tr><td></td><td colspan="3">အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း☑<br>အထက်တန်း(ခွဲ)☐<br>အထက်တန်း☐</td><td colspan="3">အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း☐<br>အထက်တန်း(ခွဲ)☐<br>အထက်တန်း☑</td><td colspan="3">အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း☐<br>အထက်တန်း(ခွဲ)☐<br>အထက်တန်း☐</td></tr>
<tr><td>ခ။ရွာမှအကွာအဝေး(မိုင်)</td><td colspan="3">၀ မှ ၁ မိုင် ☑<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐</td><td colspan="3">၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐</td><td colspan="3">၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐</td></tr>
<tr><td>ဂ။သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု</td><td colspan="3">ခြေလျင် ☑<br>စက်ဘီး ☑<br>ဆိုင်ကယ် ☑<br>ကား ☐</td><td colspan="3">ခြေလျင် ☐<br>စက်ဘီး ☑<br>ဆိုင်ကယ် ☐<br>ကား ☐</td><td colspan="3">ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐</td></tr>
<tr><td>ဃ။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ)*</td><td colspan="3">၁.၄၂ဧက</td><td colspan="3"></td><td colspan="3"></td></tr>
<tr><td>င။အမိုး၊နံရံ၊အခင်း အရည်အသွေး</td><td colspan="3">ကောင်း☐သင့်☑ညံ့ ☐</td><td colspan="3">ကောင်း☐သင့်☐ညံ့ ☑</td><td colspan="3">ကောင်း☐သင့်☐ညံ့ ☑</td></tr>
<tr><td>စ။ကျောင်းသုံးပရိဘောဂလုံလောက်မှု</td><td colspan="3">လုံလောက်မှုရှိသည် ☐<br>မလုံလောက်ပါ ☑</td><td colspan="3">လုံလောက်မှုရှိသည် ☐<br>မလုံလောက်ပါ ☑</td><td colspan="3">လုံလောက်မှုရှိသည် ☐<br>မလုံလောက်ပါ ☑</td></tr>
<tr><td>ဆ။ ကျောင်းအိမ်သာ အခြေအနေ</td><td colspan="3">ကောင်း ☐ သင့် ☑<br>ညံ့ ☐ မရှိ ☐</td><td colspan="3">ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐</td><td colspan="3">ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐</td></tr>
<tr><td>ဇ။ကျောင်းအာဟာရတိုက်ကျွေးမှု</td><td colspan="3">တိုက်ကျွေးမှုရှိသည် ☐<br>တိုက်ကျွေးမှု မရှိပါ ☑</td><td colspan="3">တိုက်ကျွေးမှုရှိသည် ☐<br>တိုက်ကျွေးမှု မရှိပါ ☐</td><td colspan="3">တိုက်ကျွေးမှုရှိသည် ☐<br>တိုက်ကျွေးမှု မရှိပါ ☐</td></tr>
<tr><td>ဈ။ကျောင်းဆရာ/မ ဦးရေ</td><td>ကျား</td><td>မ</td><td>ပေါင်း</td><td>ကျား</td><td>မ</td><td>ပေါင်း</td><td>ကျား</td><td>မ</td><td>ပေါင်း</td></tr>
<tr><td>အစိုးရခန့်</td><td>၁</td><td>၁၁</td><td>၁၂</td><td>၁</td><td>၁၁</td><td>၁၂</td><td>၁</td><td>၁၁</td><td>၁၂</td></tr>
<tr><td>ကျေးရွာခန့်</td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td></tr>
</table>

**ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။**

**မှတ်ချက်။ ။ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို ဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် ကျောင်းဆောင်အရေအတွက်(၄)ဆောင် ရှိပါသည်။ကျောင်းစတင်ဖွင့်လှစ်သည့်နှစ်မှာ(၁၉၅၈)ခုနှစ်ဖြစ်ပါသည်။ကျောင်းအကျယ်အဝန်းမှာ(၁.၄၂)ဧကရှိပါသည်။အမိုး၊နံရံ၊အခင်း အရည်အသွေးမှာညံ့ပါသည်။ကျောင်းသုံးပရိဘောဂလုံလောက်မှုမရှိပါ။ဆရာ၊ဆရာမများလိုအပ်ပါသည်။

**(၇.၁) အဖြစ်များသောရောဂါများ**

ဇယား (၁၈) **အဖြစ်များသော** ရောဂါများ

| # | *ရောဂါ* | *ပျံ့နှံ့မှု/ဖြစ်ပွားမှု* |
|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | မြင့်☐ နိမ့်☐ မရှိ☑ |
| ၂ | သွေးလွန်တုပ်ကွေး | မြင့်☐ နိမ့်☐ မရှိ☑ |
| ၃ | ငှက်ဖျား | မြင့်☐ နိမ့်☐ မရှိ☑ |
| ၄ | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | မြင့်☐ နိမ့်☐ မရှိ☑ |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | မြင့်☐ နိမ့်☐ မရှိ☑ |
| ၆ | တီဘီ | မြင့်☐ နိမ့်☑ မရှိ☐ |
| ၇ | ဆီးချို | မြင့်☐ နိမ့်☑ မရှိ☐ |
| ၈ | သွေးတိုး | မြင့်☐ နိမ့်☑ မရှိ☐ |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | မြင့်☐ နိမ့်☐ မရှိ☑ |
| ၁၀ | အာဟာရ ချို့တဲ့မှု | မြင့်☐ နိမ့်☐ မရှိ☑ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | မြင့်☐ နိမ့်☐ မရှိ☑ |

**ရင်းမြစ်** … (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု** (၂) **ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။** ။ရာသီပေါ်ရောဂါများနှင့် ဆီးချို၊ သွေးတိုး၊ အသည်းရောဂါ အနည်းငယ်မျှသာ ဖြစ်ပေါ်သည်။

## (၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

**ဇယား** (၁၉) **လွန်ခဲ့သော** (၁၂) **လအတွင်း ကာကွယ်ဆေးထိုးနှံမှု**

| *စဉ်* | ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်) | *ရှိ* | *မရှိ* |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | ✓ | |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | ✓ | |
| ၃ | ပိုလီယိုရောဂါ | ✓ | |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | ✓ | |
| ၅ | ဝက်သက်ရောဂါ | ✓ | |
| ၆ | အခြား စုပေါင်း**ကာကွယ်ဆေးထိုးနှံမှု** | ✓ | |
| ၇ | အာဟာရ မှတ်တမ်းယူမှု(အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | ✓ | |
| ၈ | အာဟာရပညာပေး အစီအစဉ် | ✓ | |

**ရင်းမြစ်** … (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊** (၂) **ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။** ။ကာကွယ်ဆေးထိုးနှံခြင်းများ ပုံမှန်ရှိသည်။ သဘာဝလေကောင်း လေသန့်များ ရခြင်း၊ ကာကွယ်စနစ်အရ လေ့လာလိုက်စားမှုများခြင်းတို့ကြောင့် ကာကွယ်ကုသမှုလက်ဦးမှုရှိပြီး ဆိုးရွားသော ရောဂါဟူ၍ မရှိပါ။

## (၇.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီးအကွာအဝေး (မိုင်) | အခန်း/ကုတင်လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ | ဝ မှ ၁ မိုင် ☑<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁ဝ မိုင် ☐<br>၁ဝ မိုင်အထက် ☐ | ရှိ ☐<br>မရှိ ☑ |
| တိုက်နယ် ဆေးရုံ | ဝ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☑<br>၅ မိုင် မှ ၁ဝ မိုင် ☐<br>၁ဝ မိုင်အထက် ☐ | ရှိ ☐<br>မရှိ ☑ |
| မြို့နယ် ဆေးရုံ | ဝ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁ဝ မိုင် ☐<br>၁ဝ မိုင်အထက် ☑ | ရှိ ☐<br>မရှိ ☑ |

**ရင်းမြစ်** ... (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊** (၂) **ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။** ။ သာမာန်ရောဂါများအား ကျေးလက်ကျန်းမာရေး ဆေးပေးခန်းတွင် ကုသပါသည်။ အရေးပေါ် ကိစ္စများနှင့် ရောဂါကြီးများအား မြို့နယ်ဆေးရုံသို့ သွားရောက်ကုသကြရသည်။

**(၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**

**(၇.၄. ၁) သောက်သုံးရေရရှိမှု**

ဇယား (၂၁) သောက်သုံးရေရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | ရေ အရည်အသွေး | လုံလောက်မှု(မိုး၊ဆောင်း၊ နွေ) |
|---|---|---|---|
| ရေတွင်း | ၂ဝ | ကောင်း☑ သင့်☐ ညံ့☐ | ရှိ |
| အဝီစိတွင်း/ စက်တပ် | ၆၆ဝ | ကောင်း☑ သင့်☐ ညံ့☐ | ရှိ |
| အဝီစိတွင်း/ တုံကင် | | ကောင်း☐ သင့်☐ ညံ့☐ | |
| မိုးရေ သိုလှောင်ကန် | | ကောင်း☐ သင့်☐ ညံ့☐ | |
| မြစ်/ချောင်းရေ | | ကောင်း☐ သင့်☐ ညံ့☐ | |
| ရေကန် | ၂၂ဝ | ကောင်း☑ သင့်☐ ညံ့☐ | ရှိ |

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | ရေ အရည်အသွေး | လုံလောက်မှု(မိုး၊ဆောင်း၊ နွေ) |
|---|---|---|---|
| စိမ့်စမ်းရေ | | ကောင်း☐ သင့်☐ ညံ့☐ | |

**ရင်းမြစ်…** (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊** (၃) **ကျေးရွာသယံဇာတပြမြေပုံ။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် ရေတွင်း၊ရေကန်၊အဝီစီတွင်းစက်တပ်များကို အသုံးပြုကြသည်။ရေ အသုံးပြုရာ တွင်လည်းလုံလောက်မှုရှိပါသည်။

**(၇.၄.၂) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)**

ဇယား (၂၂) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | ၄ |
| ရေလောင်း/ယင်လုံအိမ်သာ | ၅၁၅ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | - |
| တွင်းမရှိ အိမ်သာ | - |
| အိမ်သာမရှိ | ၁၈၁ |

**ရင်းမြစ်…** (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊** (၃) **ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် ကျန်းမာရေးနှင့်ကိုက်ညီသောယင်လုံအိမ်သာများနှင့် ကျန်းမာရေးနှင့် မကိုက်ညီ သောယင်လုံအိမ်သာများလဲရှိပါသည်။ မကိုက်ညီသော ယင်လုံအိမ်သာများမှာ သန့်ရှင်းမှုမရှိခြင်း ရေကိုလုံလောက်စွာ မသုံးချင်းနှင့် ယင်လုံအောင်အဖုံးများမရှိပါသဖြင့်ဝမ်းပျက်ဝမ်းလျှောများဖြစ်နိုင်ပါသည်။ ကျန်းမားရေးနှင့်ကိုက်ညီသော ယင်လုံအိမ်သာများဖြစ်စေရန် နည်းပညာများပေးသင့်ပါသည်။

**(၈) ဘေးအန္တရာယ်များ**

**ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ**

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မရှိပါ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မရှိပါ |
| ၃ | ရေကြီးခြင်း | မရှိပါ |
| ၄ | မိုးခေါင်ခြင်း | မရှိပါ |

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၅ | အအေးလွန်ကဲခြင်း | မရှိပါ |
| ၆ | မုန်တိုင်း | မရှိပါ |
| ၇ | လျှော | မရှိပါ |
| ၈ | မီးဘေး | မရှိပါ |
| ၉ | ဆားငန်ရေဝင်မြေ | မရှိပါ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မရှိပါ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မရှိပါ |
| ၁၂ | ငှက်ဖျားရောဂါ | မရှိပါ |
| ၁၃ | တီဘီရောဂါ | မရှိပါ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မရှိပါ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မရှိပါ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မရှိပါ |
| ၁၇ | လူကုန်ကူးခြင်း | မရှိပါ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မရှိပါ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင်ရံဖန်ရံခါ မိုးခေါင်းခြင်းနှင့် စိုက်ပျိုးရေမရရှိခြင်းတို့ ဖြစ်ပေါ်သောကြောင့် စိုက်ပျိုးရေအတွက် ရေများလိုအပ်လျက်ရှိသည်။ သဘာဝဘေးအန္တရာယ်ကျရောက်မှုအားနည်းပါသည်။

**(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ**

**ဇယား(၂၄)  သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ**

| အကြောင်းအရာ | အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာအခြေအနေ | မြင့် | ပိုမိုကောင်းမွန်စေရန်ဓါတ်မြေသြဇာများအသုံးပြုပါသည်။ |
| အပင်မျိုးစိတ်များ | နိမ့် | - |
| ရေအရင်းအမြစ် | နိမ့် | - |
| ငါးမျိုးကွဲများ | နိမ့် | - |
| အခြားတိရစ္ဆာန်မျိုးကွဲများ | နိမ့် | - |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။မြေဆီမြေသြဇာအခြေအနေမှာအသင့်အတင့်ရှိ၍ ငါးမျိုးကွဲများ၊ အခြားတိရ စ္ဆာန်မျိုးကွဲ များမရှိပါ။

**(၁၀  ကျား – မ ရေးရာ**

ဇယား (၂၅) ကျား – မ ရေးရာ

| # | *ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြင့်သင့်သော အချက်များ* | *ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်* |
|---|---|---|

| # | *ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ* | *ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်* | |
|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | ***ရှိ***☐ | ***မရှိ***☑ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | ***ရှိ***☑ | ***မရှိ***☐ |

**ရင်းမြစ်(၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင်း အဖွဲ့အစည်းအချို့တွင်အမျိုးသမီးများတက်ကြွစွာပါဝင်လုပ်ဆောင်ကြသည်။

(၃)

**ကျောက်ဆည်မြို့နယ်၊ အရှေ့ငယ်တိုးအုပ်စု၊ အရှေ့ငယ်တိုးကျေးရွာ၏ ဖွံ့ဖြိုးရေးအထောက်အကူပြုဇယား**

| ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု<br>များ | ဖြစ်နိုင်ခြေဖြေရှင်းနည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်း<br>စဉ်များ |
|---|---|---|---|---|---|
| **အခြေခံအဆောက်အဦ** | | | | | |
| တစ်နှစ်ပတ်လုံးမြို့နှင့်အခြားကျေးရွာများသို့သွားလာရန်အတွက်ခက်ခဲခြင်း၊ (ကျောင်းသွားခြင်း၊ ထွက်ကုန်သယ်ယူပို့ဆောင်ခြင်း)၊ ကား၊ ဆိုင်ကယ်များ တိမ်းချော်မှောက်ခြင်း | မြေသားလမ်းမှာမညီညာခြင်းချိုင့်အကြီးစားများရှိနေခြင်းအချို့နေရာများတွင် မိုးရွာက ဗွက်များထခြင်းလယ်ယာကုန်ထုတ်သမားများမှလည်းအသုံးပြုနေရခြင်း | ဤလမ်းမကြီးသည်ကျေးရွာချင်းဆက်လမ်းဖြစ်ပြီးကျောက်ဆည်သို့သွားသောမရှိမဖြစ်လမ်းတစ်ခုဖြစ်သည်။ပြည်သူလူထုထည့်ဝင်ငွေဖြင့်လမ်းများကောင်းမွန်ရန်အတွက်ပြုပြင်နိုင်ခြင်း၊ | လမ်းနယ်နမိတ်မကျယ်ဝန်းခြင်း | ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် ကျေးလက်ဌာန၊ ကျေးလက်လမ်းဌာနတို့ချိတ်ဆက်ဆောင်ရွက်ခြင်းကျေးရွာရန်ပုံငွေစုဆောင်းခြင်းတည်ဆောက်ရေးနည်းပညာများအားဌာနဆိုင်ရာများမှ ပံ့ပိုးစေရန်တောင်းခံခြင်းတည်ဆောက်ရေးပစ္စည်းများစုဆောင်းခြင်း | ကျေးရွာချင်းဆက်လမ်း(ကွန်ကရစ်လမ်းခင်းပေးရန် |
| အစည်းအဝေးခန်းမမရှိခြင်း | ကျေးရွာအတွင်းအစည်းအဝေးပြုလုပ်ရာတွင်တစ်စုတစ်စည်းတည်းပြုလုပ်နိုင်ရန်၊ | ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေနှင့်ကျေးရွာပြည်သူ့လူထုထည့်ဝင်ငွေဖြင့်စုပေါင်း၍တည်ဆောက်နိုင်ခြင်း | - | - | အစည်းအဝေးခန်းမဆောင်တည်ဆောက်ပေးရန်၊ |
| သောက်သုံးရေသန့်စင်မှုမရှိခြင်းကြောင့်ဝမ်း | သောက်သုံးရေသန့်စင်မှုမရှိ<br>ခြင်း၊နည်းပါးခြင်း၊ | သောက်သုံးရေရရှိရန် | ကျန်းမာရေးဦးစီးပေးမှုနည်းလမ်းများပညာပေးဟောပြောပေးမှုမရှိခြင်း | ကျန်းမာရေးပညာပေးဗဟုသုတ<br>များရှိခြင်း | ရေစဉ်နှင့်ရေပိုက်လိုင်းသွယ်တန်းပေးစေလိုခြင်း |

| | | | | | |
|---|---|---|---|---|---|
| ရောဂါဖြစ်နိုင်ခြေများ<br>နိုင်ခြင်း | | | | | |
| **ကျန်းမာရေး** | | | | | |
| ကျန်းမာရေးကျွမ်းကျင်သူမရှိ၊ကျန်းမာရေးနည်းပညာနှင့်ဝန်ဆောင်မှုအားနည်းသည်၊ | နည်းပညာ၊ဗဟုသုတရရှိရန်အဆက်အသွယ်မရှိနည်းပညာဝန်ဆောင်မှုအပြည့်အဝမရှိ၊တိုင်းရင်းဆေးနည်းပညာဗဟုသုတနည်းသည်၊ | ကျေးရွာတွင်ဘွဲ့ရနှင့်အထက်တန်းပညာအဆင့်တတ်မြောက်သူများရှိသည်၊ | သင်တန်းတက်ရောက်ရန်ကုန်ကျစရိတ်မတတ်နိုင်အဆက်အသွယ်မရှိကြပါ၊ | ကျန်းမာရေးနှင့်ပညာရေးဌာနနှင့်ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့များချိတ်ဆက်ဆောင်ရွက်ခြင်း၊ | ကျန်းမာရေးဝန်ထမ်းချထားပေးရန်၊ |
| **ဆေးဝါးပစ္စည်းနှင့်သင်ထောက်ကူပစ္စည်းများထောက်ပံ့မှုအား<br>နည်းခြင်း** | **ကျန်းမာရေးနှင့်ပညာရေးဌာနမှဆေးဝါးများနှင့်သင်ထောက်ကူပစ္စည်းများရရှိနိုင်ခြင်းဖြင့်ကျေးရွာမှပြည်သူလူထုနှင့်စာသင်ကျောင်းများအဆင်ပြေနိုင်ခြင်း၊** | **ကျန်းမာရေးနှင့်ပညာရေးဌာနမှထောက်ပံ့ပေးခြင်းဖြင့်ကျေးရွာနေပြည်သူများကျန်းမာရေးအတွက်ကောင်းမွန်တိုးတက်စေခြင်း၊သင်ထောက်ကူပစ္စည်းများရရှိခြင်းဖြင့်ပိုမိုသင်ကြားနိုင်ခြင်း၊** | - | **ကျန်းမာရေးနှင့်ပညာရေးဌာနမှထောက်ပံ့ပေးခြင်းဖြင့်ကျေးရွာနေပြည်သူ့လူထုအတွက်ဖျားနာမှုမရှိစေရန်နှင့်လွယ်ကူစွာသင်ကြားနိုင်ခြင်း၊** | **ဆေးဝါးပစ္စည်းနှင့်သင်ထောက်ကူပစ္စည်းများထောက်ပံ့ပေးနိုင်ရန်၊** |
| **ပညာရေး** | | | | | |
| စာသင်ကျောင်းသား/သူများပြားခြင်း | ပညာရေးနှစ်ထပ်ကျောင်းဆောင်အသစ်တိုးချဲ့ခြင်းဖြင့်စာသင်ကျောင်းသား/သူများကောင်းမွန်စွာစာသင်နိုင်ခြင်း | ပညာရေးရန်ပုံငွေချထားပေးခြင်း၊ | မြေနေရာ မရှိခြင်း Laboratory ခန်းသီးသန့်မရှိခြင်း/ ပြုလုပ် မပေးနိုင်ခြင်း | ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ၊ မိဘဆရာအသင်း၊ ပညာရေးဌာနတို့ချိတ်ဆက်ဆောင်ရွက်ခြင်း ကျေးရွာရန်ပုံငွေစုဆောင်းခြင်း၊ | ပညာရေးကျောင်းဆောင်အဟောင်းပြန်လည်ဆောက်<br>လုပ်ရန် |

| | | | | | |
|---|---|---|---|---|---|
| စာသင်ကျောင်းသား /သူများပြားခြင်း | ပညာရေးနှစ်ထပ်ကျောင်း ဆောင်အသစ်တိုးချဲ့ ခြင်းဖြင့်စာသင်ကျောင်း သား/သူများကောင်းမွန် စွာစာသင်နိုင်ခြင်း | ပညာရေးရန်ပုံငွေချထား ပေးခြင်း၊ | မြေနေရာ မရှိခြင်း Laboratory ခန်းသီးသန့် မရှိခြင်း/ ပြုလုပ် မပေး နိုင်ခြင်း | ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ၊ မိဘဆရာအသင်း၊ ပညာရေးဌာနတို့ ချိတ်ဆက်ဆောင်ရွက်ခြင်း ကျေးရွာရန်ပုံငွေစုဆောင်း ခြင်း၊ | စာသင်ကျောင်းဆောင် သစ်ဆောက်လုပ်ရန် |
| **စိုက်ပျိုးရေး** | | | | | |
| ကျေးရွာအတွင်း စိုက်ပျိုးရေးမြောင်း များမကောင်းခြင်း | ရေသွင်းမည့်အချိန်တွင် ရေများလုံလောက်စွာ မသွင်းနိုင်ခြင်း | တောင်သူများမှ မြောင်းများကို ကောင်းမွန်စွာ တူးဖော်ထားခြင်း | တရားမဝင်ပြွန်များ တပ်ဆင်မှုများရှိခြင်း | ကျေးရွာအုပ်ချုပ်ရေးမှူး၊ တောင်သူများနှင့်ဆည်မြောင် း ဌာနတို့ ချိတ်ဆက်ဆောင်ရွက်ရန် | ကျေးရွာတွင်းရှိစိုက်ပျိုး ရေးရေမြောင်းများရေ ရှည်တည်တံ့ကောင်းမွန် စေရန်ကျောက်စရစ်စီခြင်း |
| စိုက်ပျိုးရေအခက်အ ခဲရှိခြင်း၊ စိုက်ပျိုးရေအလုံ အလောက်မရရှိခြင်း၊ | တူးမြောင်းမှ စိုက်ပျိုးရေ လုံလောက်စွာ မလွှတ်ပေးခြင်း | တူးမြောင်းမှာ လက်လှမ်းမီသော နေရာတွင်တည်ရှိခြင်း | တူးမြောင်းအား ခွင့်ပြု ချက်ရရှိမှသာ တူးဖော် နိုင်ခြင်း၊ | သက်ဆိုင်ရာဌာနဆိုင်ရာ များနှင့် ချိတ်ဆက်၍ အခက်အခဲတင်ပြခြင်း | ကျေးရွာတွင်းမြောင်းများ ဖောက်လုပ်ပေးရန် |
| **လူငယ်** | | | | | |
| အားကစားကွင်း ဆောက်လုပ်ပေးပါ ရန်အားကစား ပစ္စည်းများမရှိခြင်း၊ | ကျေးရွာအတွင်းရှိ ကလေးငယ်များလွယ် လပ်စွာကာယအားကစ ား ပြုလုပ်နိုင်ရန်၊ | ကျေးရွာရန်ပုံငွေဖြင့်အား ကစားကွင်းများတည် ဆောက်နိုင်ခြင်း၊ | - | ကျေးရွာရန်ပုံငွေဖြင့် ကလေးငယ်များလွတ်လပ်စွာ ကစားနိုင်ရန် အတွက် အားကစားကွင်းများ တည်ဆောက်ပေးခြင်း | ကျေးရွာအားကစားကွင်း ဆောက်လုပ်ပေးပါရန်နှင့် အားကစားပစ္စည်းများ ထောက်ပံ့ပေးပါရန်၊ |

| | | | | | |
|---|---|---|---|---|---|
| **စိုက်/မွေးမဟုတ်သော အခြားစီးပွားရေး လုပ်ငန်းများ** | | | | | |
| အလုပ်အကိုင်အခွင့် အလမ်းနည်းခြင်း | အရင်းအနှီးမလုံ လောက်ခြင်း | - | - | အသက်မွေးဝမ်းကျောင်း လုပ်ငန်းများဖွင့်လှစ်ခြင်းဖြင့် ပြည်သူလူထုအနေဖြင့် လုပ်ငန်းများရရှိစေရန်၊ | အသက်မွေးဝမ်းကျောင်း သင်တန်းများဖွင့်လှစ်ပေး ပါရန်၊ |